# မန္တလေးတိုင်းဒေသကြီး

# အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) အခြေခံမူများ | ၂ | ၃ |
| ၄ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၃ | ၄ |
| ၅ | အခန်း(၄) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ | ၄ | - |
| ၆ | အခန်း(၅) တိုင်းဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ | ၆ |
| ၇ | အခန်း(၆) မှတ်ပုံတင်ခြင်း | ၆ | - |
| ၈ | အခန်း(၇) မှတ်ပုံတင်ပျက်ပြယ်ခြင်း | ၆ | - |
| ၉ | အခန်း(၈) လုပ်ငန်းရှင်၏ တာဝန်နှင့်ခံစားခွင့်များ | ၇ | ၈ |
| ၁၀ | အခန်း(၉) စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၈ | ၉ |
| ၁၁ | အခန်း(၁၀) အယူခံခြင်း | ၉ | - |
| ၁၂ | အခန်း(၁၁) တားမြစ်ချက်နှင့် ပြစ်ဒဏ်များ | ၉ | - |
| ၁၃ | အခန်း(၁၂) အထွေထွေ | ၉ | ၁၀ |

# မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၃။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အသေးစားစက်မှုလက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သမဝါယမဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဆ) **တိုင်းဦးစီးမှူး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ တိုင်းဦးစီးမှူးကိုဆိုသည်။

(ဇ) **အသေးစားစက်မှုလက်မှုလုပ်ငန်း** ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လျှပ်စစ်မော်တာ မြင်းကောင်ရေ (၅)ကောင်အားနှင့်အောက် အသုံးပြုသည့် အလုပ်သမား (၉)ဦးထက်မပိုသော စက်မှုလုပ်ငန်းနှင့် အလုပ်သမား (၃)ဦးနှင့် အထက်ရှိသော လက်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **လုပ်ငန်းရှင်** ဆိုသည်မှာ ဤဥပဒေအရအသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့် အဖွဲ့အစည်းတို့လည်းပါဝင်သည်။

(ည) **အား** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပွားစေသည့် အား သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပွားစေသည့်အားကို ဆိုသည်။ (ကာယစွမ်းအားဖြင့် ဖြစ်ပွားစေသည့်အား မပါဝင်)

## အခန်း (၂)

## အခြေခံမူများ

၃။ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ပြည်တွင်းထွက်နှင့် ပြည်ပမှတင်သွင်းသော သယံဇာတပစ္စည်းများကို အဓိက ကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှု ကုန်ချောများ ထုတ်လုပ်ရန်၊

(ခ) နိုင်ငံ၏ စီးပွားရေးအခြေခံအင်အား တစ်ရပ်ဖြစ်သည့် အသေးစားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍ ပါဝင်မှု အချိုးအစား မြှင့်တင်နိုင်ရန်၊

(ဂ) မြန်မာ့ရိုးရာ လက်မှုအနုပညာများ တိမ်ကောပပျောက်မှု မရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်၊ မိသားစုဝင်ငွေများ တိုးပွားရရှိစေရန်နှင့် အထောက်အကူပြု နည်းပညာလွှဲပြောင်း သင်တန်းများ ဖွင့်လှစ်ရန်၊

(င) ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်တတ်မြောက်စေရန်နှင့် စားသုံးသူများ ဝယ်ယူရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) ပြည်တွင်းသာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီ ပစ္စည်းများ ထုတ်လုပ်ရောင်းချရန်နှင့် ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေး ဖော်ဆောင်နိုင်ရန်၊

(ဇ) သမဝါယမအသင်းများ ဖွဲ့စည်းရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဈ) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့် လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ကော်မတီကို ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်နှင့် တိုင်းဦးစီးမှူးမှ အတွင်းရေးမှူးအဖြစ် တာဝန်ယူကာ လုပ်ငန်းရှင်များမှ အဖွဲ့ဝင်အဖြစ်ပါဝင်၍ ကော်မတီဝင် (၇)ဦး သို့မဟုတ် (၉)ဦးဖြင့် ဖွဲ့စည်းရမည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်သက်တမ်း သတ်မှတ်ခြင်း၊ မှတ်ပုံတင်နှုန်းထားများ ညှိနှိုင်းသတ်မှတ်ခြင်း၊

(ဃ) ပညာပေးလုပ်ငန်းများနှင့်နည်းပညာလွှဲပြောင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရှင်များ၏ ခံစားနိုင်ခွင့်များရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(စ) ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းအရ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အစီအမံများ ချမှတ်ခြင်း၊

(ခ) အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊ ထိုသို့ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်းပြုပါက ယင်းအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခြားသော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆက်သွယ်၍ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပေးခြင်း၊

(င) အသေးစား စက်မှုလက်မှုလုပ်ငန်းဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တိုင်းဦးစီးမှူး၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ပေးခြင်း၊

(စ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပအကူအညီရယူနိုင်ခြင်း၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်း။

## အခန်း (၅)

## တိုင်းဦးစီးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ တိုင်းဦးစီးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံမူများကိုကော်မတီ၏ဆုံးဖြတ်ချက်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာရပ်များ၊ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်း အစီအစဉ်နှင့် သတင်းအချက်အလက်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ ဆုံးဖြတ်ချက်များကို ဖော်ဆောင်ခြင်း၊

(ဂ) အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသန ပြုလုပ်ခြင်းမှ ရရှိသော ရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် ဌာနတွင်း အသုံးပြုခြင်းနှင့် လုပ်ငန်းရှင်များသို့ ဖြန့်ဝေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပ ကုန်ပစ္စည်းပြပွဲများတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် စုပေါင်းလုပ်ကိုင်နိုင်ရန်အသင်းအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(စ) အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက် ပြန့်ပွားစေမည့် နည်းလမ်းများအသုံးပြု၍ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးခြင်း။

(ဆ) ကော်မတီမှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၈။ တိုင်းဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်ထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများတောင်းခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်း၊

(ဃ) ၂၀၁၄-ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့်အညီ အသစ်ထူထောင်ထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများ အခွန်ကင်းလွတ်ခွင့် ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၆)

## မှတ်ပုံတင်ခြင်း

၉။ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်ပေးရမည်။

၁၁။ တိုင်းဦးစီးမှူးသည် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင် အသစ်လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်း ကာလတို့ကို ကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၇)

## မှတ်ပုံတင်ပျက်ပြယ်ခြင်း

၁၂။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည်-

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုကိုခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင် ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၈)

## လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားခွင့်များ

၁၃။ လုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိလုပ်ကိုင်နေသော အသေးစားစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ကော်မတီ၏ အကူအညီပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် စစ်ဆေးခြင်းကို ခံယူခြင်း၊

(ဂ) လုပ်ငန်းအမျိုးအစား ပြောင်းလဲခြင်း၊ လုပ်ငန်းရှင်လွှဲပြောင်းခြင်း၊ လုပ်ငန်း တည်နေရာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်းနှင့် မှတ်ပုံတင်လျှောက်ထားခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) လုပ်ငန်းနှင့်စပ်လျဉ်းသော အခြားတည်ဆဲဥပဒေများကို လိုက်နာခြင်း။

၁၄။ လုပ်ငန်းရှင်၏ ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များ ရယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခွင့်ရှိခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ရန်ကော်မတီသို့ အကူအညီ တောင်းခံခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့် ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာ အရန်ပစ္စည်းများ ဝယ်ယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခွင့်ရှိခြင်း၊

(ဃ) ကော်မတီ၏ကူညီမှုဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခွင့်ရှိခြင်း၊

(င) ကော်မတီ၏ ကူညီမှုဖြင့် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့် စီးပွားရေးလုပ်ငန်းစာချုပ်များချုပ်ဆိုလုပ်ကိုင်ခွင့်ရှိခြင်း၊

(စ) ကော်မတီ၏ ကူညီမှုဖြင့် ချေးငွေများ၊ အထောက်အပံ့များရယူခွင့်ရှိခြင်း၊

(ဆ) ကော်မတီ၏ ကူညီမှုဖြင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း၊

(ဇ) ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသော ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်တွင်းတင်ဒါခေါ်ယူမှုများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိခြင်း၊

(ဈ) အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ စုပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အရောင်းပြပွဲများဆောင်ရွက်ခွင့်ရှိခြင်း၊

(ည) အသေးစားစက်မှုလက်မှုလုပ်ငန်း စတင်လုပ်ကိုင်ချိန်မှ (၃)နှစ်အတွင်း ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်ရှိခြင်း၊

(ဋ) လုပ်ငန်းရှင်သည် မိမိလုပ်ငန်းကို ဥပဒေနှင့်အညီ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုလုပ်ခွင့်ရှိခြင်း။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ လုပ်ငန်းရှင်သည် -

(က) ပုဒ်မ ၁၃ ပါ တာဝန်သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ပုဒ်မ ၁၄ ပါ ခံစားနိုင်ခွင့် တစ်ရပ်ရပ်ကို အလွဲသုံးစားမပြုရ။

၁၆။ တိုင်းဦးစီးမှူးသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လုပ်ငန်းရှင်အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျပ်ငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

**အခန်း (၁၀)**

**အယူခံခြင်း**

၁၇။ တိုင်းဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၈။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံဝင်မှုကို အဆုံးအဖြတ်ပေးရမည်။

၁၉။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

**အခန်း (၁၁)**

**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၂၀။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အသေးစားစက်မှုလက်မှု လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၂၁။ ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက် ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ်ကျပ်ငါးထောင် ချမှတ်ရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၂၃။ ဤဥပဒေအရ တိုင်းဦးစီးမှူးက ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူတရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဤဥပဒေနှင့်အညီ သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**